






# အစ္စရေးနိုင်ငံ ဆိုင်ရာအချက်အလက်များ







# အစ္စရေးနိုင်ငံဆိုင်ရာအချက်အလက်များ

## တည်နေရာအကျယ်အဝန်း

၁။ အစ္စရေးနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် ထူထောင်ခဲ့သော ခေတ်သစ်ဂျူး (ရဟူဒီ) နိုင်ငံ ဖြစ်သည်။ ကမ္ဘာ့သမိုင်းတွင် လူသားတို့ ပထမဆုံးအိုးအိမ်ထူထောင်နေခဲ့သော ဒေသတစ်ခု ဖြစ်သည့် ပါလက်စတိုင်းနိုင်ငံ၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ မြောက်လတ္တီတွဒ် ၃၃ ဒီဂရီ ၁၅ မိနစ် နှင့် ၂၉ ဒီဂရီ ၃၀ မိနစ် အတွင်းနှင့် အရှေ့လောင်ဂျီတွဒ် ၃၄ ဒီဂရီ ၁၇ မိနစ် နှင့် ၃၅ ဒီဂရီ ၄၁ မိနစ်အကြား၌ တည်ရှိသည်။ မြောက်ဘက်တွင် လက်ဗနွန်နိုင်ငံ၊ အရှေ့ဘက်တွင် ဆီးရီးယားနိုင်ငံနှင့် ဂျော်ဒန်နိုင်ငံ၊ တောင်ဘက်တွင် အီဂျစ်နိုင်ငံ၊ အနောက်ဘက်တွင် မြေထဲပင်လယ်တို့ဝန်းရံလျက်ရှိသည်။ အစ္စရေးနိုင်ငံ၏ ကမ်းရိုးတန်းသည် မြေထဲပင်လယ် ဘက်၌ ၁၁၇ မိုင်ရှည်၍ ပင်လယ်နီဘက်တွင် ၆ မိုင် ရှည်လျားပါသည်။ အစ္စရေးနိုင်ငံသည် ၈၀၁၇ စတုရန်းမိုင်ကျယ်ဝန်းသည်။




၂။ ယခု အစ္စရေးနိုင်ငံအပါအဝင် ပါလက်စတိုင်းနိုင်ငံသည် ခရစ်မပေါ်မီ နှစ်ပေါင်း ၁၀၀၀ ခန့်ကပင် ဘုရင်စနစ်ထူထောင်၍ တစ်ထီးတစ်နန်းတည်ရှိခဲ့သည်။ ဘီစီ ၁၀ ရာစုနှစ်မှစ၍ နိုင်ငံနှစ်ခြမ်းကွဲပြီးသော် ဂျူဒါနိုင်ငံနှင့် အစ္စရေးနိုင်ငံဟူ၍ နှစ်နိုင်ငံဖြစ်လာခဲ့ပါသည်။ ဘီစီ ၇၂၂ ခုနှစ်တွင် အစ္စရေးနိုင်ငံကို အဆီးရီးယန်းလူမျိုးတို့က တိုက်ခိုက်သိမ်းပိုက်၍ လူပေါင်း များစွာကို နိုင်ငံရပ်ခြားသို့ပို့ခဲ့သည်။ ဘီစီ ၁၇၀ ခန့်တွင် ဂရိတို့ကသိမ်းပိုက်၍ ဘီစီ ၆၃

ခုနှစ်တွင် ရောမတို့က သိမ်းပိုက်ပြန်သည်။ ရဟူဒီလူမျိုးနှင့် ရောမလူမျိုးတို့ နှစ်ပေါင်းများစွာ ပဋိပက္ခဖြစ်ခဲ့ကြပြီးနောက် အေဒီ ၇၀ ပြည့်တွင် ရဟူဒီများ ပြင်းပြင်းထန်ထန်နှိပ်ကွပ်ခံရရုံမက ဂျေရုဆလင်မြို့တော်ကြီးပါ ရောမတို့၏အဖျက်အဆီးကိုခံခဲ့ရပါသည်။ ရဟူဒီများသည်လည်း ကမ္ဘာအရပ်ရပ်သို့ အနှံ့အပြား ရောက်ရှိခဲ့ပါသည်။ အေဒီ ၆၀၀ ခန့်တွင် အစ္စလာမ်အယူဝါဒီ အာရပ်လူမျိုးတို့က တိုက်ခိုက်သိမ်းပိုက်ခဲ့ပြန်သည်။ ဥရောပအလယ်ခေတ်တွင် ဥရောပတိုက်မှ ခရစ်ယာန်အယူဝါဒီဘုရင်တို့သည် ပါလက်စတိုင်းကို မွတ်စလင်တို့လက်မှလွတ်မြောက်စေရန် လာရောက်တိုက်ခိုက်ကြသဖြင့် ခရူးဆိတ်စစ်ပွဲများဖြစ်ခဲ့သော်လည်း ခရူးဆိတ်တို့ အရေးမလှ ခဲ့ချေ။

၃။ ၁၅၁၇ ခုနှစ်တွင် ပါလက်စတိုင်းသည် တူရကီလက်အောက်သို့ ကျရောက်ပြီးလျှင် တူရကီစိုးမိုးမှုကို အနှစ် ၄၀၀ ခန့်ခံခဲ့ရသည်။ ထိုအချိန်၌ ပါလက်စတိုင်းတွင် ရဟူဒီလူမျိုး နည်း၍ အာရပ်လူမျိုးလူဦးရေများသည်။ ၁၈၈၂ ခုနှစ်ခန့်တွင် ဥရောပတိုက်သို့ ရောက်ရှိနေသော ရဟူဒီလူမျိုးအုပ်စုသည် ပါလက်စတိုင်းတွင် အခြေစိုက်ရန် ပထမဆုံးရောက်လာကြသည်။ ဤသို့ရောက်လာခြင်းကား ခေတ်သစ်အစ္စရေးနိုင်ငံပေါ်ပေါက်ရန် လမ်းစပင်ဖြစ်ပါသည်။

၄။ ၁၉၁၇ ခုနှစ်တွင် ပါလက်စတိုင်းတွင် ရဟူဒီနိုင်ငံ ပြန်လည်ထူထောင်ရေးဂိုဏ်းဖြစ်သော ဇိုင်ယွန်ဂိုဏ်းဝင် ဗြိတိသျှသိပ္ပံပညာရှင် ရှိမ်ဗိုက်ဇမန်းက ဗြိတိသျှအစိုးရအား ပါလက်စတိုင်းပြည်ကို ရဟူဒီများ၏ ဇာတိနိုင်ငံအဖြစ်သတ်မှတ်ရန် တိုက်တွန်းခဲ့ရာ ဗြိတိသျှ အစိုးရက သဘောတူ၍ ဘဲလ်ဖိုးကြေညာချက်ခေါ် ကြေညာချက်တစ်စောင် ထုတ်ပြန်ပေး သည်။ ၁၉၁၈ ခုနှစ်တွင် ဗြိတိသျှတို့သည် ပါလက်စတိုင်းမှ တူရကီတို့အား တိုက်ထုတ်ခဲ့သည်။ ပထမကမ္ဘာစစ်ပြီးသော် နိုင်ငံပေါင်းချုပ်အသင်းကြီးက ဘဲလ်ဖိုးကြေညာချက်ကို အတည်ပြု ကာ ဗြိတိသျှအစိုးရအား ယင်း၏ကိုယ်စားလှယ်အဖြစ်ထားရှိ၍ ပါလက်စတိုင်းပြည်ကို အုပ်ချုပ် စေသည်။ အာရပ်တို့သည် ရဟူဒီနိုင်ငံသစ်သတ်မှတ်ရန် ကြေညာသည်ကို မလိုလားဆုံး သူများဖြစ်ကြသည်။

၅။ ကမ္ဘာအရပ်ရပ်၌ နိုင်ငံမဲ့လူမျိုးအဖြစ် နေထိုင်ကြရသော ရဟူဒီများသည် ပါလက်စတိုင်း သို့ပြန်၍ အခြေစိုက်ကာ မြို့သစ်ပြသစ်လုပ်ငန်းသစ်များထူထောင်ကြရာ အာရပ်တို့နှင့်ပဋိပက္ခ ဖြစ်ခဲ့ကြပြန်သည်။ ၁၉၃၉ ခုနှစ်တွင် ဗြိတိသျှအစိုးရသည် ရဟူဒီများဝင်ရောက်အခြေစိုက်မှု ကို ဥပဒေဖြင့်တားမြစ်ခဲ့သည်။ သို့ဖြင့် ဒုတိယကမ္ဘာစစ်ဖြစ်ပွားလာသောအခါ အာရပ်-ရဟူဒီ ပြဿနာသည် လိပ်ခဲတင်းလင်းဖြစ်နေခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးသွားသည့်နောက် ၁၉၄၇ ခုနှစ်တွင် ဗြိတိသျှအစိုးရသည် အာရပ်-ရဟူဒီပြဿနာကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသို့

တင်ပြခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂသည် ၎င်းပြဿနာကို စုံစမ်းစစ်ဆေးပြီးနောက် ပါလက်စတိုင်းပြည်ကို အာရပ်နိုင်ငံနှင့် ရဟူဒီနိုင်ငံဟူ၍ နှစ်ပိုင်းခွဲခြား သတ်မှတ်ခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂသည် ယင်းသို့သတ်မှတ်ပေးလိုက်သည့် အစီအစဉ်ကို ရဟူဒီတို့မှ လက်ခံသော်လည်း အာရပ်တို့သည် လက်မခံသဖြင့် အာရပ်-ရဟူဒီတိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်။

၆။ ၁၉၄၈ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ပါလက်စတိုင်းမှ ဗြိတိသျှတို့အုပ်ချုပ်ရေး ရုပ်သိမ်းချိန်ကျသောအခါ ပါလက်စတိုင်းရှိဇိုင်ယွန်ဝါဒီများက မရုပ်သိမ်းမီတစ်ရက်ဖြစ်သော မေလ ၁၄ ရက်နေ့ညနေတွင် အစ္စရီယယ်ဟူသော လွတ်လပ်သည့်သမ္မတနိုင်ငံသစ်တစ်ခု တည်ထောင်လိုက်ကြောင်း တဲလ်အဗစ်မြို့မှ ကြေညာခဲ့သည်။ ကြေညာစဉ်တွင် အစ္စရေးနိုင်ငံအဖြစ် ကမ်းရိုးတစ်လျှောက်မျှသာရှိခဲ့သည်။ ဒေါက်တာ ရှိမ်ဗိုက်ဇမန်းသည် သမ္မတအဖြစ်၊ ဒေးဗစ်ဗင်ဂူးရီးယန်းက ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ အစ္စရေးသမ္မတနိုင်ငံသစ်ကို အမေရိကန်နှင့်ရုရှတို့က ချက်ချင်းပင်အသိအမှတ်ပြုလေသည်။ အစ္စရေးနိုင်ငံကြေညာသည့်နေ့၌ပင် အီဂျစ်၊ အီရတ်၊ ဂျော်ဒန်၊ လက်ဗနွန်၊ ဆော်ဒီအာရေဗျစသော အာရပ်နိုင်ငံများက အစ္စရေးနိုင်ငံကို တိုက်ခိုက်ခဲ့ကြရာ တဖြည်းဖြည်း တိုက်ပွဲပြင်းထန်သည်ထက် ပြင်းထန်လာသဖြင့် ကုလသမဂ္ဂမှ စစ်ပြေငြိမ်းရေးဆွေးနွေးရန် ပထမကော်မရှင်တစ်ခုကို စေလွှတ်ခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ယင်းပြဿနာကို ဖြန်ဖြေရန်စေလွှတ်ခဲ့သော ကိုယ်စားလှယ်ကောင့်ဗာနာဒေ့အားလည်း အကြမ်းဖက်လိုသူတစ်စုက ပစ်သတ်သဖြင့် ဒေါက်တာ ရပ်ဗန့်အား ဖြန်ဖြေရန် ထပ်မံစေလွှတ်ခဲ့ရပြန်သည်။ ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလတွင် ဒေါက်တာရပ်ဗန့်၏ ဆောင်ရွက်မှုကြောင့် အစ္စရေးနိုင်ငံနှင့်အိမ်နီးချင်းအာရပ်နိုင်ငံများဖြစ်သော အီဂျစ်၊ လက်ဗနွန်၊ ဂျော်ဒန်၊ ဆီးရီးယားနိုင်ငံများ စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ဆိုနိုင်ခဲ့ရာ အတိအလင်းတိုက်ပွဲများ ဖြစ်ပွားခြင်းရပ်စဲသွားသော်လည်း နယ်စပ်တွင် မကြာခဏပစ်ခတ်မှုများ ရှိနေမြဲရှိနေခဲ့သည်။ ယင်းသို့ဖြစ်ရခြင်းမှာ နယ်နိမိတ်ပြဿနာ၊ ဆက်ဆံရေးပြဿနာများ မပြေလည်မှုကြောင့် ဖြစ်ခဲ့သည်။ နယ်စပ်တွင် အချင်းဖြစ်ပွားတိုင်း ကုလသမဂ္ဂသို့ တင်ပြတိုင်တန်းခဲ့ကြသည်။ ၁၉၅၆ ခုနှစ်၊ အောက်တိုဘာလတွင် အီဂျစ်နိုင်ငံမှ ဆူးအက်တူးမြောင်းကို ပြည်သူပိုင်လုပ်သဖြင့် ဗြိတိန်နှင့်ပြင်သစ်တို့သည် အီဂျစ်နိုင်ငံကို ဝင်တိုက်ရာ အစ္စရေးတပ်များကလည်း အီဂျစ်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်၍ ဆိုင်နိုင်းကျွန်းဆွယ်သို့ဝင်ရောက်ကာ ဆူးအက်တူးမြောင်းအထိရောက်ခဲ့ရာ နောက်ဆုံးတွင် ကုလသမဂ္ဂ၏ကြားဝင်ဖြန်ဖြေမှုကြောင့် အတိုက်အခိုက်ရပ်စဲခဲ့သည်။ အစ္စရေးတို့က တပ်များကိုရုပ်သိမ်းပေးခဲ့ပါသည်။ ကုလသမဂ္ဂ၏ ထိန်းသိမ်းရေးတပ်များကို ချထားပေးခဲ့သည်။

၇။ ၁၉၆၇ ခုနှစ်တွင် အီဂျစ်နိုင်ငံ၏တောင်းဆိုချက်ကြောင့် ကုလသမဂ္ဂထိန်းသိမ်းရေးတပ်များကို ဆိုင်းနိုင်းကျွန်းဆွယ်မှ ရုပ်သိမ်းခဲ့သည်။ နယ်စပ်တိုက်ပွဲအများအပြား ဖြစ်ပွားပြီးနောက် အစ္စရေးမှ ဇွန်လ ၄ ရက်နေ့တွင် ရှောင်တခင်ဝင်၍ တိုက်ခဲ့သည်။ အီဂျစ်လေကြောင်းအင်အားပျက်စီးခဲ့သည်။ ၆ ရက်ကြာ စစ်ပွဲပြီးသည့်နောက် အစ္စရေးတပ်များသည် ဆိုင်းနိုင်းကျွန်းဆွယ်ကို ပြန်လည်တပ်စွဲခဲ့ပြီး ဆီးရီးယားနိုင်ငံမှ ဂိုလန်တောင်ကုန်းကိုလည်း သိမ်းပိုက်ခဲ့သည်။ ဂျော်ဒန်နိုင်ငံမှ ဂျော်ဒန်မြစ်၏ အနောက်ဘက်ကမ်းနှင့် ဂျေရုဆလင်မြို့ အာရပ်နယ်ပိုင်းကို သိမ်းပိုက်ခဲ့သည်။

၈။ ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် အီဂျစ်နှင့် ဆီးရီးယားနိုင်ငံတို့သည် ဆူးအက်တူးမြောင်းဒေသနှင့် ဂိုလန်ကုန်းမြင့်ဒေသများတွင် စစ်မျက်နှာဖွင့်၍ အစ္စရေးနိုင်ငံကို အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ အီဂျစ်တို့သည် အလုံးအရင်းဖြင့် ဆူးအက်တူးမြောင်းကိုဖြတ်ကျော်၍ ဆိုင်းနိုင်းကျွန်းဆွယ်ရှိ အစ္စရေးတို့၏ ဗာလက်ခံစစ်ကြောင်းကို လျှပ်တပြက်ဖြိုဖျက်နိုင်ခဲ့သည်။ ဆီးရီးယားတပ်များကလည်း အစ္စရေးတို့သိမ်းပိုက်ထားသည့် ဂိုလန်ကုန်းမြင့်အတွင်း ထိုးဖောက်ဝင်ရောက်နိုင်ခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုသည် အီဂျစ်နှင့်ဆီးရီးယားနိုင်ငံတို့အတွက် လေကြောင်းဖြင့် စစ်ရေးအကူအညီအမြောက်အမြား ပို့ဆောင်ပေးသကဲ့သို့ အမေရိကန်ပြည်ထောင်စုကလည်း အစ္စရေးနိုင်ငံအတွက် ထောက်ပံ့ပေးခဲ့သည်။

၉။ အစ္စရေးတို့ကလည်း တန်ပြန်တိုက်ခိုက်ခဲ့ရာ ဦးစွာ၌ ဆီးရီးယားတပ်များကို တွန်းလှန်ကာ ဒမတ်စကပ်မြို့မှ မိုင် ၂၀ ကွာသည်အထိ ဖိတိုက်သွားနိုင်ခဲ့သည်။ အီဂျစ်စစ်မျက်နှာဘက်တွင် အစ္စရေးတို့သည် ဆူးအက်တူးမြောင်းတစ်လျှောက်ရှိ အီဂျစ်တို့၏ ပေါင်းကူးခြေကုတ်နှစ်ခုအကြားမှ ဆူးအက်တူးမြောင်းကို ဖြတ်ကျော်ပြီးသော် ဆူးအက်မြို့ကို ဝိုင်းရံထားသော ဆိုင်းနိုင်းစစ်ဦးကင်းမှ အီဂျစ်အမှတ် ၃ တပ်မတော်ကိုလည်း ပိတ်ဆို့ထားခဲ့သည်။

၁၀။ ထို့နောက်တွင် အစ္စရေးနှင့်အီဂျစ်တို့သည် ကုလသမဂ္ဂ၏စေ့ဆော်မှုကြောင့် အပစ်အခတ်ရပ်စဲရန် သဘောတူညီခဲ့ပြီးနောက် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အီဂျစ်နှင့်အစ္စရေးဗိုလ်ချုပ်ကြီးများသည် ကိုင်ရို-ဆူးအက်တူးမြောင်းလမ်းမကြီးပေါ်ရှိ ကီလိုမီတာ ၁၀၁ စခန်းတွင် ငြိမ်းချမ်းရေးအစီအစဉ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုမှတစ်ဖန် နှစ်ဖက်တပ်များ ပိုင်းခြားရေးအတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကစ်ဆင်ဂျာ၏ စေ့စပ်ဖြန်ဖြေမှုကြောင့် ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် တပ်များပိုင်းခြားရေး သဘောတူညီချက်ကို အီဂျစ်-အစ္စရေးနှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့ပါသည်။ အစ္စရေးတပ်များကို ဆူးအက်တူးမြောင်း

အနောက်ဘက်ကမ်းမှ ဆုတ်ခွာပေးခဲ့ရသည်။ ဆူးအက်တူးမြောင်း အရှေ့ဘက်ကမ်းတစ်လျှောက် ၅ မိုင်မှ ၇ မိုင်အထိ ကျယ်ဝန်းသော ကမ်းမြောင်နယ်မြေတွင် အီဂျစ်တို့သည် အကန့်အသတ်ဖြင့် တပ်များချထားနိုင်ခဲ့သည်။ ထိုစာချုပ်အရ တပ်များရုပ်သိမ်းရေးအစီအစဉ်သည် မတ်လ ၄ ရက်နေ့တွင် ပြီးဆုံးသွားသည်။ အစ္စရေးနှင့် ဆီးရီးယားနိုင်ငံတို့အကြား တပ်ပိုင်းခြားရေး သဘောတူညီချက်ကို ဇွန်လ ၁ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

## အစိုးရနှင့် နိုင်ငံရေး

၁၁။ အစ္စရေးနိုင်ငံသည် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဖြစ်သည်။ ၁၈ နှစ်ပြည့်ပြီးသည့် နိုင်ငံသားများက လျှို့ဝှက်ဆန္ဒမဲဖြင့် တင်မြှောက်သော အမတ် ၁၂၀ ပါဝင်သည့် ကနက်ဆက်ခေါ်ပြည်သူ့လွှတ်တော်က ရွေးချယ်ခန့်ထားသည့် သမ္မတနှင့် သမ္မတမှရွေးချယ် ခန့်ထားသော ဝန်ကြီးချုပ်အမှူးရှိသည့် ဝန်ကြီးများပါဝင်သောအစိုးရအဖွဲ့ဖြင့် အုပ်ချုပ်သည်။ ကနက်ဆက်ပြည်သူ့လွှတ်တော်ကို လေးနှစ်တစ်ကြိမ် ရွေးကောက်ပွဲကျင်းပ၍ သမ္မတကို ငါးနှစ်တစ်ကြိမ် ရွေးချယ်တင်မြှောက်ရသည်။ အစ္စရေးနိုင်ငံတွင် စာဖြင့်ရေးသားအတည်ပြုထားသော အုပ်ချုပ်မှုအခြေခံဥပဒေဟူ၍မရှိသော်လည်း လွှတ်တော်မှပြဋ္ဌာန်းသော ဥပဒေများ၊ အစိုးရအဖွဲ့မှ ချမှတ်သော စီမံကိန်းများဖြင့် အုပ်ချုပ်လျက်ရှိသည်။ လက်ရှိသမ္မတမှာ ရူဘင်ရစ်ဗ်လင်ဖြစ်ပြီး၊ ဝန်ကြီးချုပ်မှာ ဘင်ဂျမင်နေတန်ညာဟု ဖြစ်ပါသည်။



**သမ္မတ ရူဘင်ရစ်ဗ်လင်**



**ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ညာဟု**

## စီးပွားရေး

၁၂။ အစ္စရေးနိုင်ငံ၌ ခြောက်သွေ့သော သဲကန္တာရအပိုင်းများသဖြင့် စိုက်ပျိုးရေးအတွက် ခက်ခဲသည်ကို အစ္စရေးအစိုးရမှ ရေအလုံအလောက်ရအောင် စီမံလိုက်သဖြင့် လယ်ယာ စိုက်ပျိုးရေးကို တွင်ကျယ်စွာလုပ်ကိုင်နိုင်ကြသည်။ အစ္စရေးနိုင်ငံ၌ အဓိကလုပ်ငန်းလုပ်ကိုင် သော လယ်ယာစိုက်ပျိုးနည်းမှာ ရောပြွမ်းစိုက်ပျိုးမွေးမြူခြင်းနှင့် ရှောက်လိမ္မော်တို့ကဲ့သို့ အရည်ရွှမ်းသီးပင်များ စိုက်ပျိုးခြင်းတို့ဖြစ်သည်။ ရောပြွမ်းစိုက်ပျိုးမွေးမြူခြင်းအားဖြင့် ကောက်ပဲသီးနှံများ၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ နို့နှင့်ဥတို့ကိုရရှိသည်။ စိုက်ပျိုးရေးတွင် အစ္စရေးနိုင်ငံသည် အလွန်တိုးတက်လျက်ရှိသည်။ လယ်ယာမြေအမြောက်အမြားသည် နိုင်ငံပိုင် ဖြစ်၍ လယ်သမား၊ ယာသမားများသည် ၎င်းနှင့် ၎င်း၏မိသားစု လုပ်ကိုင်နိုင်သော တစ်ပိုင် တစ်နိုင် စိုက်ပျိုးမွေးမြူနိုင်သော မြေယာများကိုသာ လုပ်ကိုင်ခွင့်ရရှိကြသည်။

၁၃။ လယ်ယာလုပ်ငန်းအပြင် အစ္စရေးနိုင်ငံသည် စက်မှုလုပ်ငန်း၌လည်း အလွန်တိုးတက် လျက်ရှိသည်။ လူဦးရေ၏လေးပုံတစ်ပုံသည် စက်မှုလုပ်ငန်းလုပ်ကိုင်သူများ ဖြစ်ကြသည်။ အထူးသဖြင့် စားသောက်ဖွယ်များ၊ အဝတ်အထည်သတ္တုပစ္စည်း၊ အိမ်ထောင်ပရိဘောဂ စသော လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်ကြသည်။ အခြားထင်ရှားသော စက်မှုလုပ်ငန်း များမှာ စက်ပစ္စည်းကိရိယာများ၊ ပလပ်စတစ်ထည်၊ ဖန်ထည်၊ ကြွေထည်၊ မော်တော်ကား၊ ရေခဲသေတ္တာ၊ ရေဒီယို၊ မော်တော်ကားတာယာ၊ သားရေထည်၊ ဆေးဝါး၊ အဆောက်အအုံ ပစ္စည်းလုပ်ငန်းတို့ဖြစ်သည်။ စိန်ဖြတ်ခြင်း၊ စိန်သွေးခြင်းလုပ်ငန်းသည်လည်း အစ္စရေးနိုင်ငံ ၏ ဒုတိယအကြီးဆုံး ထုတ်ကုန်လုပ်ငန်းဖြစ်သည်။ အစ္စရေးနိုင်ငံ၏ အဓိကထုတ်ကုန်များ မှာ ရှောက်မျိုးဝင်သီးနှံများ၊ သွေးပြီးစိန်များ၊ ဓာတုဗေဒပစ္စည်းများ၊ အထည်အလိပ်များနှင့် ခေတ်စားသည့်ပစ္စည်းများ၊ စက်ကိရိယာများ၊ ပလပ်စတစ်ပစ္စည်းများ၊ မော်တော်ကား တာယာများနှင့် ဆေးဝါးပစ္စည်းများဖြစ်သည်။ အစ္စရေးနိုင်ငံတွင် ခရီးသွားလုပ်ငန်းသည် ရှောက်မျိုးဝင်သီးနှံများစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းနောက် ဒုတိယဝင်ငွေအများဆုံးလုပ်ငန်း ဖြစ်သည်။ အစ္စရေးနိုင်ငံ၏ စုစုပေါင်း ဂျီဒီပီတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၃၄.၃၂၈ ဘီလီယံဖြစ်ပြီး ကမ္ဘာ့အဆင့် ၅၄ ဖြစ်သည်။ တစ်ဦးချင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃၇,၆၇၃ ဖြစ်ပြီး ကမ္ဘာ့အဆင့် ၃၅ ဖြစ်ပါသည်။ အစ္စရေးနိုင်ငံသုံးငွေမှာ ရှီကယ်ဖြစ်သည်။

## လူမှုရေး

၁၄။ အစ္စရေးနိုင်ငံတွင် အာရပ်နှင့် ဒရုလူမျိုးအနည်းငယ်မှတစ်ပါး ကျန်လူဦးရေအားလုံးသည် ရဟူဒီလူမျိုးများဖြစ်ကြသည်။ အစ္စရေးနိုင်ငံသည် အာရှတိုက်တွင် ပါဝင်သောနိုင်ငံဖြစ်သော်လည်း နိုင်ငံသူနိုင်ငံသားတို့၏နေထိုင်ပုံသည် အနောက်တိုင်းဆန်သည်။ မြို့ရွှာအဆောက်အအုံများလည်း ဥရောပ၊ သို့မဟုတ် အမေရိကန်မြို့ရွှာ အဆောက်အအုံများနှင့်တူသည်။ သို့ရာတွင် မည်သူမျှ အလွန်ချမ်းသာသည်၊ အလွန် ဆင်းရဲသည်ဟူ၍မရှိဘဲအဆင့်အတန်းမှာ များစွာမကွာကြချေ။ ၂၀၁၈ ခုနှစ်တွင် ခန့်မှန်းချက်အရ အစ္စရေးနိုင်ငံ၏လူဦးရေသည် ၈.၈ သန်းကျော်ဖြစ်သည်။ အစ္စရေးနိုင်ငံ၏ ရုံးသုံးဘာသာသည် ဟီဘရူးဘာသာဖြစ်သည်။ နိုင်ငံသူနိုင်ငံသားတို့သည် လွတ်လပ်စွာ ကိုးကွယ်နိုင်ခွင့်ရှိသည်။ နိုင်ငံတည်ထောင်စဉ်က အစ္စရေးနိုင်ငံ၏မြို့တော်သည် တဲလ်အဗစ်မြို့ဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်၊ ဇန်နဝါရီလမှစ၍ ဂျေရုဆလမ်မြို့သစ်သို့ မြို့တော်ပြောင်း၍ ရုံးစိုက်ထားပြီဖြစ်သော်လည်း တဲလ်အဗစ်မြို့သည် အစ္စရေးနိုင်ငံ၏အကြီးဆုံးမြို့ပင်ဖြစ်သည်။ အစ္စရေးနိုင်ငံ၏ အခြားထင်ရှားသောမြို့ကြီးများမှာ ဗီယာရှီဗာမြို့၊ ဟိုင်ဖာမြို့၊ ဂျက်ဖာမြို့၊ တိဗေရီယပ်မြို့စသည်တို့ဖြစ်ကြသည်။ အစ္စရေးမြို့ကြီးများ အားလုံးလိုလိုပင် သမ္မာကျမ်းစာဝင်မြို့ကြီးများဖြစ်ကြသည်။ ထင်ရှားသောဆိပ်ကမ်းမြို့များမှာ ဟိုင်ဖာမြို့၊ အိုင်းလတ်မြို့ (ပင်လယ်နီကမ်းခြေတွင်ရှိသည်) အေကာမြို့နှင့် တဲလ်အဗစ်မြို့နှင့် မိုင် ၂၀ ကွာရှိ အက်ရှဒေါ့မြို့တို့ဖြစ်သည်။ လူဦးရေသိပ်သည်းဆမှာ ၁ စတုရန်းကီလိုမီတာတွင် ၄၀၃ ဦးဖြစ်ပါသည်။




**အစ္စရေးနိုင်ငံ၏ လူမျိုးစုအလိုက်ရာခိုင်နှုန်း**

## မြန်မာ-အစ္စရေးနှစ်နိုင်ငံဆက်ဆံရေး

၁၅။ ၁၉၅၃ ခုနှစ်မှစတင်ခဲ့သော နှစ်နိုင်ငံဆက်ဆံရေးသည် နှစ်ပေါင်း ၆၀ ကျော်လွန်ခဲ့ပြီဖြစ်ပါသည်။ တူညီသောအချက်မှာ နှစ်နိုင်ငံလုံးသည် ၁၉၄၈ ခုနှစ် တစ်နှစ်တည်းတွင် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေး အတူတကွရရှိလာခြင်းဖြစ်သည်။ လက်ရှိအချိန်အထိ အစ္စရေးသံအမတ်ကြီး ၂၂ ဦး မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်ပါသည်။

၁၆။ ၁၉၅၅ ခုနှစ်တွင် အစ္စရေးနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော မြန်မာဝန်ကြီးချုပ်ဦးနုသည် လွတ်လပ်ပြီးစတွင် အစ္စရေးနိုင်ငံသို့ ပထမဆုံးလာရောက်လည်ပတ်သောဝန်ကြီးချုပ်တစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့အတူ အစ္စရေးနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်သူ ဒေးဗစ်ဘင်ဂူရီယန်သည် အစ္စရေးဝန်ကြီးချုပ်တစ်ဦးအနေဖြင့် ကာလအရှည်ဆုံးတရားဝင်ပြည်ပခရီးစဉ်အဖြစ် ၁၉၆၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ (၂) ပတ်ကြာ လာရောက်ခဲ့ပါသည်။ ထို့အတူ အစ္စရေးသမ္မတရစ်ဇက်ဘင်ဇီဗ်၊ နိုင်ငံခြားရေးဝန်ကြီးများဖြစ်သော မိုရှေရှာလက်၊ ဂိုဒါမီယာ၊ အက်ဘာအီဗန်၊ မိုရှေဒါယန်း၊ ရှိမွန်ပီယက်တို့သည်လည်း မြန်မာနိုင်ငံသို့လာရောက်ခဲ့ကြပါသည်။

၁၇။ အစ္စရေးနှင့် မြန်မာတို့သည် နယ်ပယ်များစွာတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကာ အထူးသဖြင့် စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးနယ်ပယ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဆိုင်ကလုန်းနာဂစ်ကာလများတွင် အစ္စရေးအစိုးရနှင့် ပြည်သူများက လူသားချင်းစာနာထောက်ထားမှုအကူအညီအဖြစ် ဆေးဝါး၊ စားနပ်ရိက္ခာနှင့် အကူအညီပေးရေးပစ္စည်း (၁၀) တန်ကျော် ပေးပို့ကူညီခဲ့ပါသည်။

၁၈။ မြန်မာနိုင်ငံမှ ပညာတော်သင်ကျောင်းသားအရေအတွက် ထောင်ကျော်အား အစ္စရေးနိုင်ငံမှ လက်ခံသင်ကြားပေးခဲ့ပါသည်။ အစ္စရေးခရီးသွားအများစုသည် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်လျက်ရှိကာ အချို့မှာ မြန်မာနိုင်ငံမှ ထေရဝါဒဗုဒ္ဓဘာသာကို လေ့လာရန်လာရောက်ကြခြင်းဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်းသည် အစ္စရေးနိုင်ငံသို့ သွားရောက်ခဲ့ကာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်သတင်းအချက်အလက် နည်းပညာကဏ္ဍများတွင် နှစ်နိုင်ငံကုမ္ပဏီများအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်။ ၂၀၁၅ ခုနှစ်အတွင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အစ္စရေးနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။



**၁၉၆၁ ခုနှစ်၊ အစ္စရေးဝန်ကြီးချုပ် ဒေးဗစ်ဘင်ဂူရီယန် လာရောက်လည်ပတ်စဉ်
ဝန်ကြီးချုပ်အား မြန်မာဝတ်စုံနှင့် တွေ့ရစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Daniel Zonshine ၏ကိုယ်ရေးအကျဉ်း



Mr. Daniel Zonshine သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ၏ သံအမတ်ကြီးအဖြစ် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလမှ စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းကို ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် အစ္စရေးနိုင်ငံ၌ မွေးဖွားခဲ့ပါသည်။ ၁၉၈၇ ခုနှစ်တွင် Bar Ilan တက္ကသိုလ်မှ အစ္စရေးနိုင်ငံဆိုင်ရာ လေ့လာရေးဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် နိုင်ငံတော်ကာကွယ်ရေးကောလိပ်နှင့် Haifa တက္ကသိုလ်မှ လုံခြုံရေးနှင့် နိုင်ငံရေးသိပ္ပံဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါသည်။ ၎င်းသည် ၁၉၇၆ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ အစ္စရေးလေတပ်၌ ၁၁ နှစ်ကြာအောင် စစ်မှုထမ်းခဲ့ပါသည်။ ၎င်းသည် ၁၉၉၀ ပြည့်နှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ ၁၉၉၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ပေါ်တူဂီနိုင်ငံ၊ လစ်စဘွန်းမြို့ရှိ အစ္စရေးသံရုံး၌လည်းကောင်း၊ ၁၉၉၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ယဉ်ကျေးမှုဌာနခွဲရှိ ဓာတ်ပုံအနုပညာဌာန အကြီးအကဲအဖြစ်လည်းကောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ဘရာဇီးနိုင်ငံရှိ အစ္စရေးသံရုံး၌ သံမှူးအဖြစ်လည်းကောင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ တောင်အမေရိကဆိုင်ရာဌာန၌

ဒုတိယညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်းမြို့ရှိ အစ္စရေးဆိုင်ရာ ကောင်စစ်ဝန်ချုပ်အဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်သူ့ရေးရာဌာန၌ ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။